# အသိပေးကြေညာချက် ပြင်ဆင်ထုတ်ပြန်ခြင်း

**၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်**

၁။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အသိပေးကြေညာချက်နှင့် ပတ်သက်၍ သက်ဆိုင်အကျိုးဝင်သူများ ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်စေရန်အတွက် ပြင်ဆင် ထုတ်ပြန်ခြင်းဖြစ်ပါသည်။

၂။ နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ်များ အသုံးပြုမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရန်နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စအား အထောက်အကူပြုရန် ရည်ရွယ်၍ ပြည်ပတွင် အလုပ်လုပ်ကိုင် လျက်ရှိကြသည့် မြန်မာနိုင်ငံသားများက မိမိတို့ရရှိသည့် လစာငွေ၊ သို့မဟုတ် အခြားဝင်ငွေများကို မြန်မာနိုင်ငံသို့ ဘဏ်လမ်းကြောင်းမှတစ်ဆင့် ပြန်လည်လွှဲပို့ခြင်းအပေါ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်/ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် တင်သွင်းခွင့်များကို အောက်ပါအတိုင်း ခွင့်ပြုဆောင်ရွက်ပေးမည် ဖြစ်ပါသည် -

> **"ပုံမှန်လစာရရှိသူများ (သင်္ဘောသားများအပါအဝင်) နှင့် အခြားဝင်ငွေရရှိသူများသည် တစ်နှစ် အတွင်း အမေရိကန်ဒေါ်လာ၅သောင်းနှင့်အထက် လွှဲပို့ပါကစုစုပေါင်းလွှဲပို့ငွေ၏ ၅%တန်ဖိုးနှင့် ညီမျှသော လျှပ်စစ်သုံးမော်တော်ယာဉ်/လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်တစ်နှစ်လျှင် တစ်စီးနှုန်း"**

၃။ အထက်ပါ အကျုံးဝင်သူများအနေဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်/ လျှပ်စစ်သုံးမော်တော် ဆိုင်ကယ် တင်သွင်းခွင့်ပြုရာတွင် တစ်ဦးတစ်ယောက်ချင်းတင်သွင်းမှုကိုလည်းကောင်း၊ တစ်ဦးတစ်ယောက်ချင်း တင်သွင်းရန် ယာဉ်တန်ဖိုး မပြည့်မီပါက စုပေါင်း၍ တင်သွင်းမှုကိုလည်းကောင်း ခွင့်ပြုပေးမည်ဖြစ်ပါသည်။

၄။ လျှပ်စစ်သုံးမော်တော်ယာဉ်/ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် ဝယ်ယူတင်သွင်းခွင့်ပြုသည့် အစီအစဉ်ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှစတင် ရေတွက် ခွင့်ပြုသွားမည် ဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်နှင့် Email များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ဖုန်း- ၀၆၇-၃၄၀၈၄၃၃

(ခ) Email-dottraining2008@gmail.com

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**